# WHY WE MUST BE BAPTIZED IN THE NAME OF THE FATHER,SON, AND HOLY GHOST

## အဘယ်ကြောင့် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ကျွန်တော်တို့ ဗတ္တိဇံခံရပါမည်နည်း။

(Why We Must Be Baptized in the Name of the Father, Son, and Holy Ghost?)

'သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျှက် ၊ ခမည်းတော် ၊ သားတော် ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကိုပေးကြလော့' (ရှင်မသဲ ၂၈ း ၁၉ )။

ဓမ္မသစ်အသင်းတော်အတွက် ရေ၌ ဗတ္တိဇံ ခံယူရန် သမ္မာကျမ်းစာက မိန့်ဆိုထားပြီး ထိုသွန်သင်ခြင်းကိုလိုက်နာရန် ကျွန်တော်တို့၏တာဝန် ဖြစ်ပါသည်။ အသက်ရှင်စဉ်ကာလအတွင်း ကျွန်တော်တို့လုပ်ခဲ့သမျှအရာများအတွက် တနေ့နေ့ ကျွန်တော်တို့ ကိုယ်စီပြန်ရိတ်ရမည်ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ရှိနေသေးသ၍ ထိုနေ့ရက်၌ ကျွန်တော်တို့၏ မသိနားမလည်ခြင်းအတွက် ခွင့်လွှတ်ခြင်းမရှိနိုင်ပေ။

## ရေ၌ဗတ္တိဇံခံခြင်း၏လိုအပ်မှု

(The Necessity of Water Baptism)

ရေနှစ်ခြင်းမင်္ဂလာသည် ဓမ္မသစ်ကယ်တင်ခြင်း အတွေ့အကြုံ၏လိုအပ်သော တစိတ်တပိုင်းဖြစ်သလား။ ရေနှစ်ခြင်းနှင့်ပတ်သက်၍ လူတိုင်းခံယူချက်အမျိုးမျိုးရှိသော်လည်း သူတပါး၏ခံယူချက်ကိုအမြဲယုံကြည်ရန် မဖြစ်နိုင်ပေ။ ဘုရားသခင်၏အလိုတော်နှင့် သမ္မာကျမ်းစာအပေါ်မှာရပ်တည်ပြီး ၎င်းကိုကျွန်တော်တို့၏ သွန်သင် ခြင်းအရင်းအမြစ်အဖြစ် လက်ခံရန်လိုအပ်ပါသည်။

ရှင်ယောဟန်ခရစ်ဝင် ၃ း ၅ တွင် ယေရှုသည် ရေ၌ဗတ္တိဇံခံခြင်းကို ပြောဆိုခြင်းဖြစ်ကြောင်း ဤကျမ်းချက်နှင့် ဓမ္မသစ် အသင်းတော်၏ ကျင့်သုံးမှုများက သက်သေပြထားပါသည်။ ရှင်မသဲ ၂၈ း ၁၉ တွင် ယေရှုသည် လူမျိုးတကာတို့ထံသွားပြီး ပြောင်းလဲသူများကို ဗတ္တိဇံပေးရန် တမန်တော်များနှင့် ကျွန်တော်တို့ကို မိန့်ဆိုထား ပါသည်။ ထိုသို့ အမိန့်ပေးသောကြောင့် ဗတ္တိဇံသည် အရေး ကြီးရုံသာမက လိုအပ်နေကြောင်းတွေ့ရပါသည်။

## ခမည်းတော် ၊ သားတော် နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏နာမ

(The Name of the Father, Son, and Holy Ghost)

ခမည်းတော်၊ သားတော် နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံပေးရန် ယေရှုက ကျွန်တော်တို့ကို သွန်သင်ခဲ့ ပါသည်။ တနည်းအားဖြင့် ဘုရားသခင်၏ ကယ်တင်ခြင်း အမှုကို ပြည့်စုံစွာ ဖော်ဆောင်ပေးသောနာမ (အနည်းကိန်း) ၌ ဗတ္တိဇံ ပေးရန် မိန့်

ဆိုထားပါသည်။ ထိုနာမသည် အဘယ်နာမဖြစ်သနည်း။

ဘုရားသခင်၏သားတော်ထံ ပေးသောနာမသည် ယေရှု ဖြစ်ပါသည်။ 'သားယောကျ်ားကိုဘွားမြင်လိမ့်မည်။ ထိုသားသည် မိမိ လူတို့ကို အပြစ်မှကယ်ချွတ်မည်သူဖြစ်သောကြောင့် ယေရှုဟူသော အမည်ဖြင့် မှည့်ရမည်' (ရှင်မဿဲ ၁ း ၂၁)

အပို့စင်ကညာဝမ်းဗိုက်၌ ဘုရားသခင်၏ဝိညာဉ်တော်၏ အံ့ဩဖွယ်အလုပ်အားဖြင့် မွေးလာသော ယေရှုသည် စစ်မှန်သော လူသားဖြစ်ပြီး စင်စစ် ဘုရားသခင်၏ သားတော်ပင်ဖြစ်သည် (လုကာ ၁ း ၃၅)။ လူသားထက်သာလွန်ရှုံသာမက လူ့ဇာတိကို ခံယူ သော တပါးတည်းသော ဘုရားသခင်ဖြစ်သည် (ကောလော ၂ း ၉ ၊ ပထမ တိမောသေ ၃ း ၁၆)။ သူဟာ မျက်မြင်မရသောဘုရားသခင်၏ မြင် တွေ့နိုင်သောပုံသဏ္ဍာန်တော်ပင်ဖြစ်ပါသည်(ကောလောသဲ ၁း၁၅)

ယေရှုက ဤသို့ဖော်ပြထားပါသည်၊ 'ငါသည် ခမည်းတော် ၏နာမနှင့်ရောက်လာသော်လည်း သင်တို့သည် ငါ့ကိုလက်မခံကြ။ အခြားသောသူသည် မိမိနာမနှင့်ရောက်လာလျှင် ထိုသူကိုလက်ခံကြ လိမ့်မည်(ယောဟန် ၅ း၄၃)။ တနည်းအားဖြင့် ခမည်းတော်သည် ယေရှုနာမတော်အားဖြင့် ထင်ရှားပေါ်လွင်ခြင်းဖြစ်ပါသည်။ မမြင် မတွေ့ရသော၊စစ်မှန်သော၊တပါးတည်းဖြစ်သော ဘုရားသခင်သည် သူ၏နာမကို သားတော် (လူ့ဇာတိကိုခံယူသော ဘုရားသခင်၏ ထင်ရှားခြင်း) အားပေး အပ်ခဲ့သောကြောင့် သားတော်သည် ဘုရားသခင်၏ နာမတော်ကို အမွေအားဖြင့် လက်ခံရရှိခဲ့ပါသည်။

ယေရှုနာမတော်၏အဓိပ္ပါယ်သည် 'ယေဟောဝါ ကယ်တင် ရှင်'ဖြစ်သည်။ ယေဟောဝါသည် ဓမ္မဟောင်းတွင် ဣသရေလထံ သို့ ထင်ရှားသော တပါးတည်းသောဘုရားသခင် ၏ထူးဆန်းသောနာမ ဖြစ်ပါသည်။ ယေရှုနာမသည် ကျွန်တော်တို့၏ကယ်တင်ရှင်အ ဖြစ် လူ့ဇာတိခံယူသော ဓမ္မဟောင်း၏တပါးတည်းသော ဘုရားသခင်ကို ဖော်ထုတ်ထားပါသည်။ သို့ဖြစ်၍ ယေရှုနာမသည် ခမည်းတော်နှင့် သားတော်ကို ထုတ်ဖော်ပြသခြင်းပင်ဖြစ်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်ဆိုဒါကဘာလဲ။ဘုရားသခင်၏ ဝိညာဉ်ပိုင်းလှုပ်ရှားမှုနှင့် အရေးပါမှုကို အဘယ်နာမဖြင့်ဖော်ပြ ထား သနည်း။ ယေရှုက 'ခမည်းတော်သည် ငါ့နာမကြောင့် စေလွှတ်တော် မူသော ဥပဓ္ဈာယ်ဆရာတည်းဟူသော သန့်ရှင်းသော ဝိညာဉ်တော် သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကိုပြသသွန်သင်တော်မူ၍ ငါးပြောခဲ့သမျှသောစကားတို့ကို မှတ်မိသော ဉာဏ်ကို သင်တို့အား ပေးတော်မူမည် (ယောဟန် ၁၄ း ၂၆)။ တနည်းဆိုသော် ယေရှုနာမ အားဖြင့် သန့်ရှင်းသောဝိညာဉ်တော် သည် ကျွန်တော်တို့ထံရောက် လာခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် တပါးသူကဲ့သို့

ကျွန်တော်တို့ထံ သီးသန့် မထင်ရှားဘဲ ယေရှု၏ ဝိညာဉ်တော်ဖြစ်ရာ၊ ကျွန်တော်တို့၏ အထဲတွင် ဝိညာဉ်တော်အားဖြင့် ကိန်းအောင်း နေပါသည်။ (ယောဟန် ၁၄း၁၆-၁၈ ၊ ကောလောသဲ ၁း၂၇)။

အချို့အားဖြင့် ကျွန်တော်တို့သိသော ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ နာမဟူသော အကြီးမြတ်ဆုံးသောနာမသည် ယေရှုဖြစ်ပါသည်။ ယေရှုနာမကို သုံးစွဲခြင်း အားဖြင့် ရှင်မသဲ ၂၈ း ၁၉ ၏အမိန့်ကို ပြည့်စုံစေပါသည်။

## <u>ယေရှုနာမတော်၏အရေးပါမှု</u>

## (The Importance of the Name of Jesus)

ယေရှုနာမတော်၏ အရေးပါပုံနှင့် ကြီးမြတ်မှုတို့ကို ကျမ်းပိုဒ်များစွာက အထူးပြုဖော်ပြထားပါသည်။

-'ထိုသခင်၏နာမတော်မှတပါးငါတို့ကို ကယ်တင်နိုင်သော နာမတစုံတခုမျှကောင်းကင်အောက်လူတို့တွင်မပေါ်မရှိ' (တမန်တော် ၄ း ၁၂)

-'ခရစ်တော်၏နာမတော်အားဖြင့်နောင်တတရား နှင့်အပြစ်လွှတ်ခြင်းတရားကို ယေရှုရှလင်မြို့မှစသော လူမျိုးတကာ တို့အား ဟော ပြောရမည်' (လုကာ ၂၄ း ၄၇)

-'ထိုသခင်ကို ယုံကြည်သောသူရှိသမျှတို့သည် နာမတော် အားဖြင့်အပြစ်လွှတ်တော်မူခြင်း ကျေးဇူးကိုခံရကြလတံ့ ဟူ၍ ပရောဖက်အပေါင်းတို့သည် ထိုသခင်၏သက်သေခံ ဖြစ်ကြသည်ဟု ပေတရုမြွက်ဆို၏' (တမန်တော် ၁၀ း ၄၃)

-'ကောင်းကင်တမန်တို့ရသော ဘွဲ့နာမထက် ထူးမြတ်သော ဘွဲ့နာမတော်ကို ခံရသည်နှင့်အညီ ကောင်းကင်တမန်တို့ထက် ကြီးမြတ်သောသူ ဖြစ်တော်မူ၏' (ဟေဗြဲ ၁ း၄)

-'ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သော ဘွဲ့နာမကို ပေးသနားတော်မူ၏။ အကြောင်းမူကား၊ ကောင်းကင်သတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်းဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ ဘုန်း အသရေတော်ကို ထင်ရှားစေကြမည် အကြောင်း တည်း။' (ဖိလိပ္ပိ ၂ း ၉ - ၁၁)

-'စကားပြောသော်၎င်း၊အမှုဆောင်ရွက်သော်၎င်း၊ သခင်ယေရှု၏နာမတော်ကိုထောက်၍ ခပ်သိမ်းသောအမှုတို့ကို ပြုမူလျက် ကျေးဇူးတော်ကြီးလှပါ၏ဟု ထိုသခင်ကိုအမှီပြု၍ ခမည်းတော် ဘုရားသခင့်ရှေ့၌ ဝန်ခံကြလော့။' (ကောလော ၃း၁၇)

## ကနဦးအသင်းတော်၏ကျင့်သုံးမှု

(The Practice of the Early Church)

ရှင်မသဲ ၂၈ း ၁၉ ရှိယေရှု၏အမိန့်တော်ကို တမန်တော်များအဘယ်သို့နာခံကြသနည်း။ ပင်တေကုတ္တေနေ့တွင် အပြစ်သားများက "ညီအစ်ကိုသို့ အဘယ်သို့ပြုရပါမည်နည်း" (တမန်တော် ၂ း ၃၇) ဟု မေးခွန်းထုတ်ခဲ့ပါသည်။ တမန်တော်ပေတရု၏အဖြေမှာ "သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှါ နောင်တရ၍ တယောက်မျှမကြွင်း ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော် ကိုခံရကြ လိမ့်မည်။ (တမန်တော် ၂ း ၃၈)။ ဤကျမ်းချက်အရ၊ တမန်တော်များသည် ယေရှုနာမတော်အားဖြင့် ဗတ္တိဇံပေးကြပြီး ယင်း ဗတ္တိဇံ သည် အပြစ်များကို လွှတ်စေရန်အတွက်ဖြစ်ပါသည်။

ရှောလု(ရှင်ပေါလု) နောင်တရသောအခါ အာနနိသည် 'ယခု လည်းသင်သည် အဘယ်ကြောင့်ဆိုင်းလင့်၍နေသနည်း။ ထလော ၊ သခင်ဘုရား၏နာမကို ပဌနာပြုလျက် ဗတ္တိဇံကိုခံ၍ သင်၏အပြစ် များကိုဆေးကြောလော့' ဟု သွန်သင်ခဲ့ပါသည်။ ဘုရားသခင်၏ နာမ ဆိုတာ ဘာလဲ . . ။

မကြာသေးခင်မှာဘဲ ပေါလုသည် 'သခင် ကိုယ်တော်သည် အဘယ်သူနည်း' ဟု မေးခဲ့ပါသည်။ ဘုရားသခင်သည် 'သင်ညှင်းဆဲသော ယေရှုဖြစ်သည်' ဟုဖြေခဲ့ပါသည်။နောက်ပိုင်းတွင်ရှင်ပေါလုသည် 'ယေရှုသည် သခင် ဘုရားဖြစ်တော်မူ၏ဟု သန့်ရှင်းသော ဝိညာဉ်တော် ကိုအမှီမပြုလျှင် အဘယ်သူမျှမပြောနိုင်' ဟုရေးခဲ့ပါသည်။ (၁ကော ၁၂ း ၃)

ယေရှုသည် မိမိကိုယ်ကိုသခင်ဘုရားဖြစ်ကြောင်း ရှင်ပေါလုထံသို့ ပေါ်ထွန်းခဲ့သည်။ ဓမ္မဟောင်း ဘုရားသခင် အကြောင်းကို ရှင်ပေါလုကောင်းကောင်း သိခဲ့သော်လည်း ၊ ထိုအချိန်တွင် သူသည် ဓမ္မသစ်ယေရှု၏ အမှုတော်ကို ထမ်းဆောင်ခြင်းမရှိသေးပေ။ သို့သော် အံ့အားသင့်စွာဘဲ ဓမ္မဟောင်းဘုရားသခင်သည် ဓမ္မသစ်ဘုရားသခင်ဖြစ်ကြောင်း ကို သင်ယူခဲ့ရပြီး ထိုသခင်ဘုရားသည် ယေရှုသာ ဖြစ်ပါသည်။

ဖိလိပ္ပုသည် ရှာမာရိမြို့တွင် သတင်းကောင်း ဟောပြောသောအခါ ယုံကြည်သူအပေါင်းတို့သည် 'ယေရှုခရစ်၏ နာမတော်၌ ဗတ္တိဇံခံယူကြသည်' (တမန်တော် ၈ း ၁၂)။

ဟေလသလူတစ်စုတို့သည် သန့်ရှင်းသော ဝိညာဉ်တော်ခံရသောအခါ ပေတရုသည် 'ငါတို့ကဲ့သို့ သန့်ရှင်း သော ဝိညာဉ်တော်ကိုခံရသော ဤသူတို့ကို ဗတ္တိဇံ မပေးစေခြင်းငှါ အဘယ်သူသည် ရေကိုမြစ်တားနိုင်သနည်း' ဟု ဆို လျက် သခင်ဘုရား၏နာမ

၌ ဗတ္တိဇံကို ခံစေမည် အကြောင်းစီရင်လေ၏ (တမန်တော် ၁၀ း ၄၇-၄၈) ။ ကျွန်တော်တို့တွေ့ ခဲ့ပြီးသလိုဘဲ ဘုရားသခင်၏ နာမသည် ယေရှုဖြစ်ပါသည်။ ကျမ်းစာဘာသာပြန်ချက်များ (ဥပမာ - NIV, Amplified Bible )ကဲ့သို့ပင် အစောဆုံး ဂရိလက်ရေးစာမူများတွင် 'ယေရှုနာမတော်၌' ဟုဖော်ပြထားပါသည်။

ရှင်ပေါလုသည် ဖေက်မြို့ရှိ ယောဟန်၏ တပည့်တော်များကို ယေရှုနာမတော်မြတ်၌ ဗတ္တိဇံပြန်ပေးခဲ့ပါသည်။ 'ပေါလုကလည်း၊ သို့ဖြစ်လျှင် သင်တို့သည်အဘယ်မည်သော ဗတ္တိဇံကို ခံကြသနည်း ဟုမေးလျှင် ယောဟန်၏ ဗတ္တိဇံကိုခံ ပါသည်ဟု ပြောဆိုကြ၏။ ပေါလုကလည်း ၊ ယောဟန်က ငါ့နောက်ကြွလာသောသူကို ယုံကြည်ရမည်ဟု လူများတို့အား ပြောဆိုလျှက် နောင်တနှင့် စပ်ဆိုင်သော ဗတ္တိဇံကိုပေး၏။ ထိုသို့ဆိုရာ၌ ယေရှုခရစ်ကိုဆိုလိုသည် ဟူသောစကားကိုကြား လျှင် ထိုသူတို့သည် သခင်ယေရှု၏နာမ၌ ဗတ္တိဇံကိုခံကြ၏' (တမန် ၁၉ း ၃ - ၅)

## ရှင်မသဲခရစ်ဝင် ၂၈ း ၁၉ ၏အမိန့်တော်
## (The Command of Matthew 28:19)

ကနဦးအသင်းတော်သည် လူတိုင်း (ယုဒလူမျိုး၊ ရှမာရိလူမျိုးနှင့် ဟေလသလူမျိုး)ကို ယေရှုနာမတော်မြတ်၌ ဗတ္တိဇံပေးကြောင်းကိုရှင်းလင်းစွာတွေ့ရပါသည်။ ဤကျင့်သုံးမှုနှင့် ရှင်မသဲ ၂၈ း ၁၉ တို့သည် အဘယ်သို့ညီညွတ်မှုရှိ သနည်း။ ရှေးဦးစွာ ရှင်မသဲခရစ်ဝင် ၂၈ း ၁၉ သည် နာမများ၌ (သို့) ဘွဲ့နာမများ၌ (သို့) ရာထူးများ၌ ဟုမရေးထားဘဲ 'နာမ၌' ဟုဖော်ပြထားပါသည်။ ရှင်မသဲ ၂၈ း ၁၉ ဖော်ပြသော နာမသည် 'ယေရှု' သာလျှင်ဖြစ်သည်။ ထို့ကြောင့် မှန်ကန်စွာသဘောပေါက် နားလည်သော တမန်တော်များသည် ပြောင်းလဲလာသော ယုံကြည်သူအားလုံးကို 'ယေရှုနာမ တော်မြတ်၌' ဗတ္တိဇံပေးခြင်းအားဖြင့် ယေရှု၏ အမိန့်တော်ကို နာခံခဲ့ကြပါသည်။

ကျမ်းစာသည် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ ဘွဲ့နာမအားဖြင့် ကျွန်တော်တို့ အသက် ရသည်ဟု မပြောထားပါ။ သို့သော် ယေရှုနာမအားဖြင့် အသက်ရ၏ဟု ပြောထားပါသည်။ 'ယေရှုသည် ခရစ်တော် တည်းဟူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ကို သင်တို့သည် ယုံမည်အကြောင်း ထိုသို့ယုံ၍ နာမတော် အားဖြင့် အသက်ကိုရမည်အကြောင်း ဤမျှလောက်ရေးထားလျက်ရှိသတည်း' (ယောဟန် ၂၀ း ၃၁)။

ကျွန်တော်တို့သည် မတူညီသော ပုဂ္ဂိုလ်သုံးပါး၌ ဗတ္တိဇံ ခံယူကြသည်ဟု ကျမ်းစာဖော်ပြခြင်းမရှိခဲ့ပေ။ သို့သော် ကျွန်တော်

တို့သည် 'ယေရှုခရစ်တော်၌ ဗတ္တိဇံခံသောသူများ ဟုဖော်ပြ ထားပါသည် (ရောမ ၆ း ၃ - ၄)။

အတိအကျအားဖြင့် ကျွန်တော်တို့သည် ' ဗတ္တိဇံအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုလ်ခြင်းကိုခံကြ၏။ ခရစ်တော် ကိုသေခြင်းမှ ထမြောက်စေတော်မူသော ဘုရားသခင်၏ ပြုပြင်အားထုတ်တော်မူခြင်းကို ယုံကြည်သောအားဖြင့် ဗတ္တိဇံကို ခံ၍ ထိုသခင်နှင့်အတူ ထမြောက်ခြင်းသို့ရောက်ကြ၏' (ကောလော ၂ း ၁၂)။

ဘုရားသခင်၏ ပြည့်စုံခြင်းအပေါင်း သူ၏ရွေးနှုတ်ခြင်းအခန်းကဏ္ဍများ ခမည်းတော် (မိဘကဲ့သို့ဆက်စပ်မှု) သားတော် (လူ့ဇာတိခံယူသော ဘုရားသခင်) သန့်ရှင်းသောဝိညာဉ်တော် (ဘုရားသခင်ဝိညာဉ်တော်အားဖြင့် လှုပ်ရှားမှု) တို့သည် ယေရှုနာမတော်၌ ပြီးပြည့်စုံနေပါသည်။ 'အကြောင်းမူကား ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်း အပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏ (ကောလောသဲ ၂ း ၉)။

## နိဂုံး

## (Conclusion)

ချီဆောင်ခြင်းမခံမှီ ယေရှုသည် ရှင်မသဲ ၂၈ း၁၉ ၌ ဗတ္တိဇံနှင့်ဆိုင်သောအမိန့်ကို သူ၏တပည့်များအား ပေးအပ်ခဲ့ ပါသည်။ ရှင်လုကာခရစ်ဝင် ၂၄ း ၄၅ အရ သူတို့ နားလည်သဘော ပေါက်ရန် ဖွင့်ပြခဲ့သည်။ ချီဆောင်ပြီးရက်အနည်းငယ်တွင် ယေရှုခရစ်သည် စောင့်မျှော်နေသော တပည့်တော်(၁၂၀)တို့ကို ပင်တေကုတ္တေနေ့၌ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဗတ္တိဇံပေးခဲ့ပါသည်။ ဤအခါသမယတွင် တပည့်တော်တို့သည် ယေရှုနာမတော်၌ ဗတ္တိဇံခံရမည်ဟု လူ အပေါင်းတို့ကို ဟောကြားခဲ့ကြပါသည်။

တပည့်တော်တို့သည် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ ကယ်တင်သောနာမသည် ယေရှုသာဖြစ် ကြောင်းကောင်းစွာ သဘောပေါက်ခဲ့ကြသည်။ ထိုဘွဲ့နာမ သုံးပါးကို ပြန်လည်အသုံးမပြုဘဲ ၎င်းရည်ညွှန်းထားသော ယေရှု နာမကို သုံးစွဲခဲ့ကြပါသည်။ အခြားသော ဓမ္မသစ်တရားဟောသောသူများ (ဖိလိပ္ပု ၊ အာနနိ နှင့် ပေါလု)တို့သည် ထိုဗတ္တိဇံပုံစံကို ပင် စွဲမြဲစွာဆုပ်ကိုင်ထားကြသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်တစ်ခုနှင့်တစ်ခုတို့သည် ဆန့်ကျင်မှုမရှိပါ။ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ 'နာမ၌' ဗတ္တိဇံခံယူရန် ဓမ္မသစ်ကျမ်းက သင်ပေးထားခဲ့ပါသည်။ ဗတ္တိဇံခံယူရာ၌ ပဋ္ဌနာပြုသော ထိုနာမသည် 'ယေရှု' သာလျှင်ဖြစ်ပါသည်။